ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ

၂၀၁၇ ခုနှစ်

မာတိကာ


| | |
|---|---|
| စဉ် | အကြောင်းအရာ |
| ၁။ | မြို့နယ်မြေပုံ |
| ၂။ | ကျေးရွာမြေပုံ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA/PRA)အကျဉ်းချုပ်ဇယား |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ |
| ၈။ | ကော်မတီဝင်များစာရင်း |
| ၉။ | ကျေးရွာအခြေခံအချက်အလက်(PC-1) |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2) |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(PC-3) |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း(PC-4) |
| ၁၃။ | အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ |

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့နယ်မြေပုံ



ကျွဲတလင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် |
|---|---|
| ၁။ | ကျွဲတလင်းကျေးရွာ |
| ၂။ | ကျွဲတလင်း(အရှေ့စု)ကျေးရွာ |
| ၃။ | မတောကုန်းကျေးရွာ |

ကျွဲတလမ်းအုပ်စု ၊ မတောကုန်းကျေးရွာ

## ကျေးရွာ အခြေခံ အချက်အလက်များ


မတောကုန်းကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ဆိုးရွားလွန်းလှသည့် စစ်ဘေးဒဏ်ကို ကြိမ်ဖန်များစွာ ခံခဲ့ရပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ နှစ်တိုင်း ပြောင်းရွှေ့ခဲ့ရပြီး ၂၀၀၇ မှ ၂၀၁၀ အထိ နီးစပ်ရာ ရွာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။ ၂၀၁၁ နောက်ပိုင်းတွင် နယ်မြေ အေးချမ်းလာ၍ ရွာတွင် အတည်တကျ နေထိုင်ခဲ့ကြရပါသည်။ ယခုအခါတွင် မတောကုန်းကျေးရွာနှင့် နီးစပ်သော ကျွဲကြီးအင်းကျေးရွာသည် လုံးဝပျောက်ကွယ်သွားပြီး မတောကုန်းကျေးရွာနှင့် အခြားရွာများတွင် သွားရောက်နေထိုင်ကြပါသည်။

မတောကုန်းကျေးရွာသည် စစ်ဘေးဒဏ်ကို များစွာခံစားခဲ့ရသောကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့တွင် ဖွံ့ဖြိုးမှုများစွာ နောက်ကျခဲ့ပါသည်။ သို့ပါသော်လည်း ရွာသူ/သားများသည် စည်းလုံးညီညွတ်စွာနှင့် ကိုယ်ထူကိုယ်ထ လမ်းမှုတံတားများ၊ စာသင်ကျောင်းများကို ဆောက်လုပ်ခဲ့ကြပါသည်။ သို့သော် လုံလောက်သော ငွေကြေးနှင့် နည်းပညာများ မရှိခြင်းတို့ကြောင့် လမ်းများသည် နွေရာသီတွင်သာ သွားရေးလာရေး အဆင်ပြေပြီး မိုးရာသီတွင် သွားလာရေး လွန်စွာ ခက်ခဲခဲ့ရပါသည်။ ထို့ကြောင့် လူထုဗဟိုပြု စီမံကိန်း ရံပုံငွေဖြင့် ပထမနှစ်စက်ဝန်းတွင် ရွာလမ်းမကြီးနှင့် အခြားရွာများနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းအား ပြုပြင်ခဲ့ကြပါသည်။ ရေပြွန်များကိုလည်း စနစ်တကျ လုပ်ဆောင်ခဲ့ကြသည်။ အတွက် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါသည်။ ကလေးများ ပညာသင်ကြားရာတွင်လည်း စာသင်ဆောင် ကျဉ်းမှု၏ အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၄.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၄.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၄.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၄. ၂. ၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၄. ၂. ၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ပြဿနာသစ်ပင် (ကျား) | ၂၄. ၂. ၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၈ | ပြဿနာသစ်ပင် (မ) | ၂၄. ၂. ၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၁၀ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၄. ၂. ၂၀၁၇ | ရွာသူရွာသားများ | ၁၂ | ၂၀ | ၃၂ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |



ဂုံ့ကြိုဝ ကြိုနကြိုဖး:ဒါဖး ပါ်း:ပြဲဝ:နိ့ယ်ယဲဝဓာ

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏ အရင်းအမြစ် ပြ မြေပုံသုံးသပ်ချက်

မတောကုန်းကျေးရွာသည်ကျောက်ကြီးမြို့၏အနောက်တောင်ဘက်တွင်တည်ရှိပါသည်။မြောက်ဘက်တွင် ကြို့ကုန်းကျေးရွာ ၊ တောင်ဘက်တွင် ထန်းပင်ကုန်းကျေးရွာ ၊ကျွဲတလင်းကျေးရွာ ၊ ပတ္တလားကျေးရွာ ၊ အုတ်မြေဒူးကျေးရွာ စသည့်ရွာများတည်ရှိနေကြပါသည်။ အိမ်ခြေစုစု ပေါင်း (၆၁)အိမ် ရှိပါသည်။ လူဦးရေ (၃၈၉) ဦးရှိပြီးအမျိုးသား (၂၀၂) ဦးနှင့်အမျိုးသမီး (၁၈၇) ဦးရှိပါ သည်။ မတောကုန်းကျေးရွာတွင် ကရင်လူမျိုးများ အများဆုံးနေထိုင်ကြပြီး လူမျိုးရော(၂)အိမ်ရှိပါသည်။ ဗုဒ္ဓဘာသာကိုကိုးကွယ်သူ (၅၉)ဦးရှိပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူ (၄)အိမ်ရှိပါသည်။ မတောကုန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် စေတီတစ်ဆူရှိပါသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလည်း ရှိပါသည်။

ပညာရေး

မတောကုန်းကျေးရွာတွင် ပညာရေးနှင့်ပါတ်သက်၍ မူလတန်းလွန်စာသင်ကျောင်းရှိပါသည်။ စာသင်ကျောင်းသည် အနည်းငယ်ကျဉ်းနေ၍ ကလေးများပညာသင်ကြားရာတွင် အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ သို့ဖြစ်ပါ၍ ကလေးများပညာသင်ကြားရာတွင် အဆင်ပြေစေရန် ကျောင်းဆောင်တိုးချဲ့ခြင်း (သို့မဟုတ်)ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်နေပါသည်။

လမ်းပန်းဆက်သွယ်ရေး

မတောကုန်းကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း ရံပုံငွေဖြင့် ပထမနှစ်စက်ဝန်းတွင် ရွာတွင်းလမ်း ရွာချင်းဆက်လမ်း များအား ပြုပြင်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ သို့ရာတွင် အခြားအုပ်စုမှ လမ်းများမှာ ပြုပြင်ခြင်းမရှိသေးသဖြင့် ကျောက်ကြီးမြို့သို့ သွားရာတွင် မိုးရာသီ၌ သွားလာရေးခက်ခဲပါသည်။

ကျန်းမာရေး

မတောကုန်းကျေးရွာတွင် ရွာသူ/သားများ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ဆေးခန်းရှိပါသည်။သို့ပါသော်လည်း အဆိုပါဆေးခန်းသည် အခင်း၊နံရံ ၊ အမိုးနှင့် ပြတင်းပေါက်များ ပျက်စီးနေပါသည်။ ထို့ကြောင့်ကျန်းမာရေးဝန်ဆောင်မှုများ ပြုလုပ်ရန် အဆိုပါဆေးခန်းအား ပြုပြင်ရန်လည်း လိုအပ်နေပါသည်။မတောကုန်းကျေးရွာတွင် ကရင်ငြိမ်းချမ်းရေးအဖွဲ့အစည်းမှ လာရောက်ဆောက်လုပ်လှူဒါန်းထားသော အများသုံးအိမ်သာတစ်လုံး (၁)လုံးရှိပါသည်။ အိမ်သာနံရံအား သွပ်များဖြင့် ပြုလုပ်ထားသောကြောင့် အသုံးပြုရာတွင် အဆင်မပြေ၍ အိမ်သာနံရံအား အုတ်နံရံ အဖြစ် ပြုပြင်ပြောင်းလဲပေးရန်လည်း လိုအပ်နေပါသည်။

## စီးပွားရေး

မတောကုန်းကျေးရွာတွင် လူအများစုမှာ လယ်ကိုင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လူနည်းစုမှာ လက်လုပ်လက်စားများဖြစ်ကြပါသည်။ ရွာလူဦးရေ၏ ၁၂%မှာ ပြေလည်သောမိသားစုများဖြစ်ပြီး ၅၄%မှာ အလယ်အလတ်လူတန်းစားများဖြစ်ကြပြီး ၃၄%မှာ မပြေလည်သော မိသားစုများ ဖြစ်ကြပါသည်။

## သောက်သုံးရေ

မတောကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်နှိပ်တုံကင်များ၊ ရေတွင်းများကို အသုံးပြုကြရပါသည်။ ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းနှင့်ရေလှောင်ကန်ပြုလုပ်ထားပေးသောကြောင့် ရေကောင်းရေသန့်အား တစ်ရွာလုံးလက်လှမ်းမီအသုံးပြုနိုင်ပါသည်။

**ပံ့ပိုးကူညီသူ - ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်**

**ပါဝင်ဆွေးနွေးသူ-ကျေးရွာသူရွာသားများ**

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - မတောကုန်း　　အုပ်စု - ကျွဲတလင်း　　နေ့စွဲ - ၂၄.၂.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ပျဉ်ကာ၊ဒေါင်ဖန်း၊ထွန်စက် | ၁၁ | |
| အလယ်အလတ် | လယ်၊ကိုင်း၊လှည်း၊နွား၊ ဆိုင်ကယ်၊ပျဉ်ထောင် သွပ်မိုးအိမ်၊ | ၃၉ | |
| နွမ်းပါး | ဆိုင်ကယ်၊သက်ကယ်မိုးထရံကာ၊စက်ဘီး | ၈ | |
| အနွမ်းပါးဆုံး | သက်ကယ်မိုး၊ထရံကာ၊စက်ဘီး၊ဝက်၊ဘဲ၊ကြက်၊ လက်လုပ်လက်စား | ၃ | |
| စုစုပေါင်း | | ၆၁ | |

ပံ့ပိုးကူညီသူ -ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ-ကျေးရွာသူ/သားများ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏ ဥစ္စာခနဲခွဲခြားမှု သုံးသပ်ချက်

နေ့စွဲ -၂၄.၂.၂၀၁၇

နေရာ-မတောကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်


မတောကုန်းကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်၊ ကိုင်းကိုအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးတွင်းကာလ၌ လယ်ယာများတွင် လယ်စိုက်ပျိုးခြင်း ၊ပဲစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ဆောင်းရာသီတွင် စပါးများရိတ်သိမ်းခြင်း၊ ပဲများကိုရိတ်သိမ်းခြင်းနှင့် ဆောင်ပဲများ ပြန်လည် စိုက်ပျိုးကြပါသည်။ မတောကုန်းကျေးရွာ၏ နေအိမ်အခြေအနေမှာ အုတ်ခံသွပ်မိုး၊ ပျဉ်ထောင်အိမ်၊သက်ကယ်မိုးဂါးအိမ်များဖြင့် ဆောက်လုပ်နေကြသည်။ အဆင်ပြေသော မိသားစုတို့သည် လယ်၊ နွား၊ ဆိုင်ကယ်၊ ထွန်စက် (အသေး)များပိုင်ဆိုင်ကြပြီးအလယ် အလတ် မိသားစုများ တွင် စက်ဘီး၊ ဂက် ၊ဘဲ၊ ကြက်များသာ ပိုင်ဆိုင်ကြပါသည်။ သာမန်မိသားစုများတွင် လက်လုပ် လက်စား ကျဘမ်းအလုပ်များသာလုပ် ကိုင်ကြပါသည်။

ပြဿနာအနှစ်ချုပ်

မတောကုန်းကျေးရွာသည်လယ်ယာစိုက်ပျိုးခြင်းအဓိကထား၍လုပ်ကိုင်ကြပြီးလက်လုပ်လက်စားပေါ်များပါသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ - မတောကုန်း　　　　အုပ်စု -ကျွဲတလင်း　　　　နေ့စွဲ - ၂၄.၂.၂၀၁၇




ပံ့ပိုးကူညီသူ - ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်

ပါဝင်သူ - ကျေးရွာသူ/ကျေးရွာသားများ

ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်

နေ့စွဲ - ၂၅.၂.၂၀၁၇

နေရာ- မတောကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်

မတောကုန်းကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ KDNဖွံ့ဖြိုးရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုးသားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်မတီတို့ ဖြစ်ပါသည်။ ကျေးရွာပြင်ပနှင့် ချိတ်ဆက်မှုရှိ သောအဖွဲ့များမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲစခန်း၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ဖြစ်ပါသည်။

မတောကုန်းကျေးရွာ၏ အဖွဲ့အစည်းအားလုံးတို့သည်၊ လူမှုရေးနှင့်ဖွံ့ဖြိုးရေးတို့တွင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ရာအိမ်မှူး၊ဆယ်အိမ်မှူး၊ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူမှုရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းကော်တီ ၊KDNကော်မတီတို့သည် ချိတ်ဆက်၍ အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ကျေးရွာ-မတောကုန်း ကျေးရွာအုပ်စု-ကျွဲတလင်း ရက်စွဲ-၂၄.၂.၂၀၁၇

# ကျား/မရေးရာခွဲခြမ်းစိတ်ဖြာခြင်း

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်ထိန်းချုပ်မှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | ▲ | | |
| လှည်း | ▲ | | |
| ဆိုင်ကယ်၊စက်ဘီး | | | ▲ |
| ကျွဲ၊နွား | ▲ | | |
| ကြက်၊ဘဲ၊ဝက် | | | ▲ |
| ချိန်းစော | ▲ | | |
| ခွေးကုတ် | ▲ | | |
| ရေစုပ်စက် | ▲ | | |
| အပ်ချုပ်စက် | | ▲ | |
| စက်ရက်ကန်း | | ▲ | |
| စပါးကြိတ်စက် | ▲ | | |

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်အသုံးပြုမှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | | | ▲ |
| လှည်း | | | ▲ |
| ဆိုင်ကယ်၊စက်ဘီး | | | ▲ |
| ကျွဲ၊နွား | | | ▲ |
| ကြက်၊ဘဲ၊ဝက် | | | ▲ |
| ချိန်းစော | ▲ | | |
| ခွေးကုတ် | ▲ | | |
| ရေစုပ်စက် | | | ▲ |
| အပ်ချုပ်စက် | | ▲ | |
| စက်ရက်ကန်း | | ▲ | |
| စပါးကြိတ်စက် | ▲ | | |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏ အရင်းအမြစ် အသုံးချမှု၊ ခွဲခြမ်းစိတ်ဖြာမှုသုံး သပ်ချက်

နေ့စွဲ - ၂၄.၂.၂၀၁၇

နေရာ - မတောကုန်းကျေးရွာအုပ်ချုပ်ရေးမှုးနေအိမ်

မတောကုန်းကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ခွဲခြမ်းစိတ်ဖြာမှုသုံးသပ်ချက်ကိုအမျိုးသားနှင့် အမျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။

မတောကုန်းကျေးရွာတွင်အရင်းအမြစ်များအဖြစ်အိမ်၊လှည်း၊နွား၊လယ်၊ကိုင်း၊အင်း၊အိုင်၊ထွန် စက်၊ဆန်စက်၊ဆိုင်ကယ်၊ကြက်၊ဝက်၊ခြံမြေတို့အားပိုင်ဆိုင်ကြပါသည်။ထိုအရင်းအမြစ်နှင့်ပတ်သက် ၍လယ်၊ကိုင်း၊အင်း၊အိုင်၊ထွန်စက်၊ဆန်စက်၊ဆိုင်ကယ်၊လှည်း၊နွားများကိုအမျိုးသားများကအသုံးပြု ကြပြီးကြက်၊ဝက်၊ဆိုင်ကယ်၊အိမ်တို့အားအမျိုးသားများနှင့်အမျိုးသမီးများကအသုံးပြုကြပါသည်။ လယ်၊ကိုင်း၊အင်း၊အိုင်၊လှည်း၊နွားတို့ကိုအမျိုးသားများကထိန်းချုပ်ထားပြီးကြက်၊ဝက်စသည့် အိမ်မွေးတိရိစ္ဆာန်များကိုအမျိုးသမီးများကထိန်းချုပ်ကြပါသည်။လယ်ထွန်စက်၊ဆန်စက်၊အိမ်ခြံ၊ဆိုင် ကယ်၊အိမ်၊ခြံ၊စသည်တို့အားအမျိုးသားများနှင့်အမျိုးသမီးများထိန်းချုပ်ကြပါသည်။စီမံကိန်းမဝင်ခင် နှစ်များတွင်အရင်းအမြစ်များအားအမျိုးသားများသာထိန်းချုပ်ကြပြီးလူထုဗဟိုပြုစီမံကိန်းဝင်ပြီး နောက်ပိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးအရင်းအမြစ်များအား ထိန်းချုပ်မှုများတန်းတူညီမျှ လာသည်။

ဦးဆောင်ဆွေးနွေးသူ - **ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်**



ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ

ကျေးရွာ - မဝေဘာကုန်း

ကျေးရွာအုပ်စု - ကျွဲတလင်း

ရက်စွဲ - ၂၄·၂·၂၀၁၇

# ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | လယ်လုပ်ငန်း | - | ɣ | ɣɣ | ɣɣɣɣ | ɣɣɣ | ɣ | ɣɣ | ɣɣɣɣ | ɣɣɣɣ | ɣ | - | - |
| ၂။ | ကိုင်းလုပ်ငန်း | - | - | - | - | - | - | ** | **** | **** | * | *** | * |
| ၃။ | ဝင်ငွေ | - | - | ↑ | - | - | - | - | ↑ | ↑ | ↑ | - | - |
| ၄။ | ထွက်ငွေ | - | - | ↓ | ↓ | - | - | - | ↓ | ↓ | - | - | ↓ |
| ၅။ | ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| ၆။ | ကျန်းမာရေး | - | * | * | - | - | - | * | * | - | - | - | - |
| ၇။ | လူမှုရေးလုပ်ငန်း | *** | - | - | ** | - | ** | * | *** | *** | ** | *** | - |
| | | | | | | | | | | | | | |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ ၏ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်

နေ့စွဲ - ၂၄.၂.၂၀၁၇

နေရာ - မတောကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်

ကျွဲတလင်းကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းများမှာလယ်၊ကိုင်း၊အင်းနှင့်ကျဘမ်းလုပ်ငန်းများဖြစ်ပါသည်။နယုန်လ၊ဝါဆိုလနှင့်ဝါခေါင်လတွင်စပါးပျိုးကြဲခြင်းနှင့်မိုးပဲများစိုက်ပျိုးခြင်းလုပ်ငန်းကိုလုပ်ကိုင်ပြီးတော်သလင်း၊သီတင်းကျွတ်နှင့်တန်ဆောင်မုန်းလတွင်သီးနှံများရိတ်သိမ်းကြပါသည်။အင်းလုပ်ငန်းအားတန်ခူးလမှတော်သလင်းလအထိအနည်းငယ်လုပ်ကိုင်ကြပါသည်။ဘာသာရေးပွဲတော်အနေဖြင့် တန်ခူးလတွင် သင်္ကြန် ပွဲကျင်းပပါသည်။ ပြာသို၊တပို့တွဲ၊တပေါင်း၊တန်ခူးနှင့်ကဆုန်လများတွင်ကျေးရွာသူကျေးရွာသားများအလုပ်အကိုင် နည်းပါးပြီး ထိုလများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင်ကျေးရွာတွင်အလုပ် အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်သည်။


တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် နေပူကာ ရာသီဥတု သာယာပါသည်။ နယုန်လတွင်မူ နေပူတလှည့် မိုးရွာတလှည့်ရှိသည်။ ဝါဆိုနှင့် ဝါခေါင်လများတွင်မူ မိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ တော်သလင်း ၊ သီတင်းကျွတ်လများတွင် မိုးရွာ၍နေလည်း ပူပြင်းသည်။ တန်ဆောင်မုန်းလမှ တပို့တွဲလထိ နေပူ၍ ရာသီဥတုသာယာပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်ဇော်လင်း၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - မတောကုန်း　　အုပ်စု -ကျွဲတလင်း　　နေ့စွဲ - ၂၄.၂.၂၀၁၇




ပံ့ပိုးကူညီသူ - ဒေါ်ယုယအောင်၊ဦးအောင်ဇော်လင်း

အညွှန်း - အနီ - အမျိုးသား　　အပြာ - အမျိုးသမီး

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်

နေ့စွဲ -၂၄.၂.၂၀၁၇

နေရာ -မတောကုန်းကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်


ကျွဲတလင်းကျေးရွာပင့်ကူအိမ်သုံးသပ်ရာတွင်ခေါင်းစဉ် (၈) ခုဖြင့်ဆွေးနွေးခဲ့ပါသည်။ (၁)ပညာရေး၊ (၂) လူမှုရေး၊ (၃) အိမ်မှုကိစ္စ၊ (၄) ဆုံးဖြတ်ချက်ချမှု၊ (၅) ဦးဆောင်နိုင်မှု၊ (၆) ပိုင်ဆိုင်မှုထိန်းချုပ်မှု၊ (၇) ဝင်ငွေရရှိမှု၊ (၈) ကျန်းမာရေး တို့ဖြစ်ပါသည်။

ကျွဲတလင်းကျေးရွာ၏အမျိုးသားနှင့်အမျိုးသမီးပညာရေးအခြေအနေသုံးသပ်ချက်မှာအမျိုးသားများသည်(၆၀%)ရရှိပြီးအမျိုးသမီးများသည်(၈၀%)ရရှိသည်။အမျိုးသားများသည်အမျိုးသမီးများထက်ပညာရေးအခြေအနေနည်းရခြင်းမှာအမျိုးသားများသည်များသောအားဖြင့်ကျောင်းမနေဘဲအလုပ်လုပ် ကိုင်နေသောကြောင့်ဖြစ်သည်။ လူမှုရေးအခြေအနေသုံးသပ်ချက်တွင်အမျိုးသား ၆၀% ရရှိပြီးအမျိုးသမီးများသည်၅၀%ရရှိသည်။အမျိုးသမီးများသည်အမျိုးသားများထက်လူမှုရေးအခြေအနေနည်းရခြင်းမှာအမျိုးသမီးများသည်ရပ်ရွာလူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်ရှိသော်လည်းအိမ်မှုကိစ္စများကိုလုပ်ကိုင်နေရခြင်းကြောင့်ဖြစ်သည်။အိမ်မှုကိစ္စအခြေအနေသုံးသပ်ချက်တွင်အမျိုးသား၃၀%ရရှိပြီးအမျိုးသမီးများသည်၉၀%ရှိသည်။အမျိုးသားများသည်အမျိုးသမီးများထက်အိမ်မှုကိစ္စအခြေအနေနည်းရခြင်းမှာအမျိုးသားများသည်စားဝတ်နေရေးအတွက်ဝင်ငွေရှာဖွေနေရသဖြင့်အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုအားနည်းရခြင်းဖြစ်ပါသည်။ဆုံးဖြတ်ချက်ချမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများက၅၀%အမျိုးသမီးများကလဲ၅၀%ရရှိပါသည်။ဆုံးဖြတ်ချက်ချမှုတွင်အမျိုးသားများနင့်အမျိုးသမီးများတူနေရခြင်းမှာအမျိုးသားနှင့်အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချရာတွင်တစ်ဦးနှင့်တိုင်ပင်ပြီးမှဆုံးဖြတ်ကြပါသည်။ဦးဆောင်နိုင်မှုတွင်အမျိုသားများသည်၆၀%ရရှိပြီးအမျိုးသမီးများသည်၄၀%ရရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများထက်ဦးဆောင်နိုင်မှုနည်းရခြင်းမှာအမျိုးသမီးများသည်နေ့စဉ်အိမ်မှုကိစ္စများကိုဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ပိုင်ဆိုင်မှုထိန်းချုပ်မှုတွင်အမျိုးသားများသည်၁၀၀%နှင့်အမျိုးသမီးများသည်လဲ၁၀၀%ရရှိပါသည်။အမျိုးသားနှင့်အမျိုး

မအောကျွန်း ကျေးရွာ

ပြဿနာသစ်ပင်

ရက်စွဲ - ၂၄ - ၂ - ၂၀၁၇



## ပြဿနာသစ်ပင်သုံးသပ်ချက်

မတောကုန်းကျေးရွာတွင် ရင်ဆိုင်နေရသော ပြဿနာ အခက်အခဲများစွာ ရှိပါသည်။ ၎င်းပြဿနာ အခက်အခဲများထဲမှ စားဝတ်နေရေး ခက်ခဲခြင်း ခေါင်းစဉ်ဖြင့် ပြဿနာသစ်ပင်အားဆွဲခဲ့ကြပါသည်။

ဆွေးနွေးချက်များမှာ လမ်း၊ တံတားများမကောင်းခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှု မရှိခြင်း၊ လျှပ်စစ်မီး မရှိခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ပညာတတ်နည်းပါးခြင်း နှင့် ရာသီဥတု ဖောက်ပြန်ခြင်း စသည့် အချက်များကြောင့် စားဝတ်နေရေး ခက်ခဲခြင်း ဆိုသည့် ပြဿနာ အခက်အခဲ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

အထက်ပါအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များမှာ ပညာတတ်နည်းပါးခြင်း၊ ကုန်ကျစရိတ်များခြင်း၊ လူမှုရေး လုပ်ငန်းများတွင် အဆင်မပြေခြင်း၊ စီးပွားရေးအဆင်မပြေခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ လူမှုရေး အဆင့်အတန်း နိမ့်ကျခြင်း နှင့် သွားရေးလာရေး ခက်ခဲခြင်း စသည်တို့ ဖြစ်ပေါ်လာကြပါသည်။

## အနှစ်ချုပ်

မတောကုန်းကျေးရွာ၏ အဓိက လိုအပ်ချက်များမှာ ကလေးများ ပညာသင်ကြားရေး အတွက် ကျောင်းဆောင် မလုံလောက်ခြင်း၊ ရွာတွင်းလမ်းများ နှင့် တံတားများ ပျက်စီးနေခြင်း တို့ ဖြစ်ပါသည်။ ထို့ကြောင့် ဦးစားပေးလုပ်ငန်းများ အဖြစ် နံပါတ် (၁) ရွာတွင်းလမ်း နှင့် တံတားများ ပြုပြင်ခြင်း၊ နံပါတ် (၂) စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း လုပ်ငန်းများကို တစ်ရွာလုံး၏ ဆန္ဒအလျောက် ရွေးချယ်ခဲ့ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်ကော်လင်း၊ ဒေါ်ယုယုအောင်

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သားများ

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - မတောကုန်း	အုပ်စု -ကျွဲတလင်း

| အမည် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|
| စောသန်းဝင်းလေး | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ | 09 250808570 | |
| ညားနော်ဆိ | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ | 09250924264 | |
| စောမြင့်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ | 09260669889 | |
| နော်ဇင်ဇင်မြ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် | 09258802366 | |
| နော်မီးဝါး | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် | 09363800620 | |
| စောခင်မောင်သန်း | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဥက္ကဌ | 09793004920 | |
| နော်ဟေမာနေဝင်း | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် | 09774316245 | |
| စောသန်းနိုင်စိုး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဥက္ကဌ | 09264122785 | |
| နော်အေးစတာဖေါ် | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် | 09454367932 | |
| စောမင်းဘိုသိန်း | ဝေဖန်အကြံပြုကိုယ်စားလှယ် | 09253998796 | |
| နော်ဝါးစေး | ဝေဖန်အကြံပြုကိုယ်စားလှယ် | 09262911836 | |
| စောဒါးမူး | ကျေးရွာစေတနာ့ဝန်ထမ်း | 450889171 | |
| နော်ဆာကပေါ် | ကျေးရွာစေတနာ့ဝန်ထမ်း | 09442054972 | |
| စောစေးမူး | ကျေးရွာငွေစာရင်းကိုင် | 09250554207 | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦး မောင်ရွှေဇာနီ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉. ၄၆၃၈၀၀၆၄၆ | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဇော်ယူ ယဖောင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ကျွဲဇလင်း | ကျေးရွာ ပဒေါကျိုး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | 59 | ဘာသာ (၁) ဗုဒ္ဓ | 57 |
| လူမျိုးစု (၂) | | ဘာသာ (၂) ခရစ်ယာန် | 4 |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော ဗမာ+ကရင် | 2 | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 23 | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကရင် | 194 | 186 |
| လူမျိုးစု (၂) ဗမာ | 1 | 1 |
| လူမျိုးစု (၃) ဗမာ+ကရင် | 7 | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 53 | 8 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| ([illegible]) | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) [illegible] | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 1½ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:15 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် 00:45 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---- ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) KDN ကော်မတီ

(၂) ----------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး၊ စောလှုင်ဇာနီ

လက်မှတ် [signature] နေ့စွဲ ၈/၀၄/၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် နော်ယုယအောင်

လက်မှတ် [signature] နေ့စွဲ ၈/၀၄/၂၀၁၇

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယုဇော် | | | |
| နေ့စွဲ 2/24/2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ မကြောကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 2/24/2017 | 2/24/2017 | 12 | 20 | 32 | 32 \| ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 2/24/2017 | 2/24/2017 | 12 | 20 | 32 | 32 \| ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 2/26/2017 | 2/26/2017 | 3 | 4 | 7 | 7 \| ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 4/4/17 | 4/4/17 | 10 | 24 | 34 | 34 \| ကရင် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 4/4/2017 | 4/4/2017 | 10 | 24 | 34 | 34 | ကရင် |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 4/4/2017 | 4/4/2017 | 10 | 24 | 34 | 34 | ကရင် |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 4/4/2017 | 4/4/2017 | 10 | 24 | 34 | 34 | ကရင် |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 4/4/2017 | 4/4/2017 | 10 | 24 | 34 | 34 | ကရင် |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖေါ်ပုယာအောင် |

| | |
|---|---|
| နေ့စွဲ 2/24/2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ပဲခူး | ကျောက်ကြီး | ကျွဲတလည်း | မဘောကုန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းသို့ သွားသောလမ်း မကောင်းသောကြောင့် ကလေးများ | ၁ | ရွာတွင်းလမ်းများ မိုးရာသီတွင် ပျက်စီးသောကြောင့် သွားလာရခက်ခဲခြင်း။ |
| ၂ | နှင့် ဆရာ/မ များ ကျောင်းသွားရာတွင် ခက်ခဲပါသည်။ | ၂ | လျှပ်စစ်မီး မရရှိသောကြောင့် လူနေမှု အဆင့်အတန်း နိမ့်ကျပြီး ဖွံ့ဖြိုးမှု |
| ၃ | ပြည့်စုံသော ကျန်းမာရေးဝန်ဆောင်မှု မရှိခြင်း။ | ၃ | နောက်ကျခြင်း။ စိုက်ပျိုးသီးနှံများ မကောင်းသောကြောင့် စီးပွားရေး |
| ၄ | ရေကောင်း ရေသန့် ရှားပါးသောကြောင့် ကျန်းမာရေး ထိခိုက်ခြင်း | ၄ | အဆင်မပြေခြင်း။ အလုပ်အကိုင် ရှားပါးသောကြောင့် စားဝတ်နေရေး |
| ၅ | ယင်လုံအိမ်သာ နည်းပါးသောကြောင့် ကျန်းမာရေး ထိခိုက်ခြင်း။ | ၅ | အဆင်မပြေခြင်း။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာသင်ကျောင်းသို့ သွားသောလမ်း နှင့် ရွာတွင်းလမ်းများ ကောင်းမွန် | ၁ | ရွာတွင်းလမ်းများ ရာသီမရွေး သွားလာနိုင်ရန် ကောင်းမွန်ချင်ပါသည်။ |
| ၂ | ပြီး ကလေးများ ပညာရေး တိုးတက်ကောင်းမွန် စေချင်ပါသည် | ၂ | လျှပ်စစ်မီး ရရှိပြီး အရာအားလုံး ဖွံ့ဖြိုးတိုးတက်ချင်ပါသည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လုံလောက်သောဆေးပစ္စည်းနှင့် ဆေးခန်းရရှိချင်ပါသည်။ | ၃ | လမ်းနှင့် တံတားများကောင်းမွန်လာချင်ပါသည်။ |
| ၄ | သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိချင်ပါသည်။ | ၄ | စိုက်ပျိုးနည်းစနစ်များသိရှိပြီး သီးနှံအထွက်တိုးကာစီးပွားရေးဖွံ့ဖြိုးတိုးတက်ချင်ပါသည်။ |
| ၅ | အများသုံးအိမ်သာရရှိပြီး ကျန်းမာပျော်ရွှင်ချင်ပါသည်။ | ၅ | အလုပ်အကိုင်ပေါများပြီး စားဝတ်နေရေး အဆင်ပြေချင်ပါသည်. |
| ၆ | တစ်ရွာလုံးမီးလင်းချင်ပါသည်. | ၆ | ကလေးများပညာသင်ကြားရေးအဆင်ပြေပြီး ပညာတတ်များဖြစ်စေချင်ပါသည်. |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအပွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား + မ | ၃,၃၀၀,၀၀၀ | ၃၆၉ ဦးခန့်. |
| ၂ | ဆေးခန်းပြုပြင်ခြင်း | ကျား + မ | | |
| ၃ | အများသုံးအိမ်သာ ပြုပြင်ခြင်းနှင့်ဆောက်လုပ် | ကျား+ မ | | |
| ၄ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | မ | | |
| ၅ | ကျောင်းခေါင်မိုးပြုပြင်ခြင်းနှင့် စာသင်ဆောင်တိုးချဲ့ခြင်း | ကျား+ မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာသင်တန်း | ကျား | |
| ၂ | အသက်မွေးဝမ်းကျောင်း | မ | |
| ၃ | အတတ်ပညာသင်တန်း | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် စောသိုးဝင်းဖေ----- လက်မှတ် ------------------------- နေ့စွဲ-----------------------------

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦး အောင်အေးလင်း | | |
| နေ့စွဲ | ၄/၁၆/၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု | ကျွဲတလင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုသင့်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ပေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ကျွဲတလင်း | ကွန်ကရစ်လမ်း ပြုပြင်ခြင်း | 4'×4'×6' | ၂၁၄ | ☐ ကျား ☐ မ ☐ ကျား+ မ ✓ | 13600000 | | \| | 13600000 |
| | Slab Culvert တံတားဆောက်လုပ်ရေး | 10'×12'×7' | | ☐ ကျား ☐ မ ☐ ကျား+ မ ✓ | 4000000 | | \| | 4000000 |
| | ရေပြွန်ချောင်း ဆောက်လုပ်ရေး | ၂'/၁၅'- ၃'/၈ | | ☐ ကျား ☐ မ ☐ ကျား+ မ ✓ | ၄၂၀၀၀၀၀ | | \| | ၄၂၀၀၀၀၀ |
| မတော်ကုန်း | ကွန်ကရစ်လမ်း ပြုပြင်ခြင်း | ၃၅၀'×8'×4' | ၃၈၉ | ☐ ကျား ☐ မ ☐ ကျား+ မ ✓ | ၄၃၀၀၀၀၀ | | \| | ၄၃၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် မောင်ကိုဇံ လက်မှတ် (လက်မှတ်) ရက်စွဲ ၄/၁၆/၂၀၁၇

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းကျေးရွာအုပ်စု မတောကုန်းကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဖဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း ပထအကြိမ်၊ ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးအောင်ဇော်လင်း | လက်ထောက်နည်းပညာမှူး |
| ၂ | ဒေါ်ယုယအောင် | လူထုစည်းရုံးရေးမှူး |
| ၃ | ကျေးရွာလူထု | (PC – 12 ) |
| ၄ | စောသန်းဝင်းလေး | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) |
| ၅ | ညားနော်ဆိ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) |
| ၆ | စောမြင့်ဝင်း | (ဂယ်ယူရေးကော်မတီဥက္ကဌ) |
| ၇ | နော်ဇင်ဇင်မြ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်) |
| ၈ | နော်မီးဝါး | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်) |
| ၉ | စောခင်မောင်သန်း | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) |
| ၁၀ | နော်ပောမာနေဝင်း | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) |
| ၁၁ | စောသန်းနိုင်စိုး | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ) |
| ၁၂ | နော်အေးစတာဖေါ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) |
| ၁၃ | စောမင်းဘိုသိန်း | (ဂေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၄ | နော်ဝါးစေး | (ဂေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၅ | စောဒါးမူး | (စေတနာ့ဝန်ထမ်း) |
| ၁၆ | နော်ဆာကပေါ် | (စေတနာ့ဝန်ထမ်း) |
| ၁၇ | စောစေးမူး | (ကျေးရွာငွေစာရင်းကိုင်) |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်း၊ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ မတောကုန်းကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ဝန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးဒေါ်ယုယအောင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်းများကိုရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဦးအောင်ဇော်လင်းမှ အကျုံးဝင်၊ အကျုံးမဝင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့်ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်နှင့် အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကိုအသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထို့နောက်အမျိုးသမီးအမျိုးသားများနှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့်မျှော်မှန်းချက်များကိုဆွေးနွေးခဲ့ကြပြီးဦးစားပေးလုပ်ငန်းများကိုရွေးချယ်ခဲ့ကြသည်။

၆။ကော်မတီများပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်း အစီအစဉ်ကို လူထုစည်းရုံးရေးမှူးဒေါ်ယုယအောင်မှ ဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ပထမနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို ဒုတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီဝင်များမှလည်း ကျေးရွာလူထုသဘောတူလျှင်ဆက်လက်လုပ်ဆောင်ကြမည်ဟု တင်ပြဆွေးနွေးကြပါသည်။

၇။ထို့နောက် လိုအပ်သောကော်မတီဝင်များကို ကျေးရွာလူထုသဘောတူဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၈။ ထို့နောက် ဒုတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့်လုပ်ငန်းများကိုဆွေးနွေးပြီးအများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်များ

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ) | စောသန်းဝင်းလေး |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ) | ညားနော်ဆိ |
| ၃ | (ဂယ်ယူရေးကော်မတီဥက္ကဋ္ဌ) | စောမြင့်ဝင်း |
| ၄ | (ဂယ်ယူရေးအဖွဲ့ဝင်) | နော်ဇင်ဇင်မြ |
| ၅ | (ဂယ်ယူရေးအဖွဲ့ဝင်) | နော်မီးဝါး |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ) | စောခင်မောင်သန်း |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) | နော်ဟေမာနေဝင်း |
| ၈ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ) | စောသန်းနိုင်စိုး |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) | နော်အေးစတာဖေါ |
| ၁၀ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောမင်းဘိုသိန်း |
| ၁၁ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ဝါးစေး |
| ၁၂ | (စေတနာ့ဝန်ထမ်း) | စောဒါးမူး |
| ၁၃ | (စေတနာ့ဝန်ထမ်း) | နော်ဆာကပေါ် |
| ၁၄ | (ကျေးရွာငွေစာရင်းကိုင်) | စောစေးမူး |

(ခ)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | ဂူ့ာတွင်းလမ်းပြုပြင်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၂ | ဆေးပေးခန်းပြုပြင်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၃ | အများသုံးအိမ်သာပြုပြင်ခြင်းနှင့်ဆောက်လုပ်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၄ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |

၈။ အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့် (၁၂း၃၀) နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
အမည် - ဒေါ်ယုယအောင်
ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍာအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

| အမျိုးသားဦးစားပေးလုပ်ငန်း | အမျိုးသမီးဦးစားပေးလုပ်ငန်း |
| --- | --- |
| (၁)ရွာတွင်းလမ်းအသစ်ဖောက်လုပ်ခြင်း<br><br>(၂)စာသင်ဆောင်ပြုပြင်တိုးချဲ့ခြင်း<br><br>(၃)ဆေးပေးခန်းပြုပြင်ခြင်း<br><br>(၄)ကျေးရွာမီးလင်းရေး(ဆိုလာမီး)<br><br>(၅) အိမ်တွင်းလက်မှုလုပ်ငန်းနည်းပညာပံ့ပိုးပေးခြင်း | (၁) ရွာတွင်းလမ်းအသစ်ဖောက်လုပ်ခြင်း<br><br>(၂) ကျောင်းခြံစည်းရိုးပြုပြင်ခြင်း<br><br>(၃) စာသင်ဆောင်ပြုပြင်တိုးချဲ့ခြင်း<br><br>(၄)ဆေးပေးခန်းတိုးချဲ့ပြုပြင်ခြင်း<br><br>(၅) စိုက်ပျိုးရေးနည်းပညာသင်တန်း |